# အသည်းရောင်ရောဂါ (ပိုးစီ)

ဤပုံနှိပ်ထုတ်ဝေမှုတွင်ပါသောအချက်အလက်များတိကျမှန်ကန်ရန်အတွက်အစွမ်းကုန်ဆောင်ရွက်ထားသော်လည်း၊ဆေးပညာရှင်များ၏အကြံဉာဏ်ကိုအစားမထိုးနိုင်ပါ။ သင့်ကျန်းမာရေးအတွက် စိုးရိမ်မှုများရှိလျှင်၊ ကျန်းမာရေးပညာရှင်တစ်ဦးကိုသွားတွေ့ပါ။ သင်နောက်ထပ်အချက် အလက်များရနိုင်သည့်နေရာများစာရင်းကို အောက်တွင်ထည့်သွင်းထားပါသည်။

## အသည်းရောင်ရောဂါ(ပိုးစီ)ဆိုတာဘာလဲ ၊

အသည်းရောင်ရောဂါဆိုသည်မှာ အသည်း၌ နာမကျန်းမှုတစ်ခုဖြစ်သည်။ ယင်းကို အသည်းရောင်ရောဂါ ဗိုင်းရတ်ပိုးများ အေ၊ ဘီ၊ စီ၊ ဒီ၊ အီးနှင့်ဂျီ၊ အရက်၊ အချို့ဓါတုပစ္စည်းများနှင့် မူးယစ်ဆေးဝါးတို့က ဖြစ်စေနိုင်ပါသည်။

## အသည်းရောင်ရောဂါ(ပိုးစီ)ကို သင်ဘယ်လိုရရှိသလဲ၊

အသည်းရောင်ရောဂါ(ပိုးစီ)သည် သွေးကကူးစက်သည့်ရောဂါဖြစ်ပါသည်။ ရောဂါပိုးရှိပြီးသူ၏သွေးသည် အခြားသူတစ်ဦး၏သွေးကြောထဲသို့ ဝင်ရောက်ချိန်၌ကူးစက်စေပါသည်။ ဩစတြေးလျားနိုင်ငံ၌ အသည်းရောင်ရောဂါ(ပိုးစီ)ဖြစ်မှုအများဆုံးမှာ ဆေးထိုးအပ်များနှင့်အခြားမူးယစ်ဆေးထိုးပစ္စည်းများကို အတူတူမျှသုံးမှုကြောင့်ဖြစ်ပါသည်။ သင်သည်ဆေးထိုးအပ်များ နှင့် အခြားမူးယစ်ဆေးထိုးပစ္စည်းကို အတူတူမျှသုံးမှု တစ်ခါတည်းလုပ်မိလျှင်ပင် အသည်းရောင်စီအားရရှိနိုင်ပါသည်။

## အသည်းရောင်ရောဂါ(ပိုးစီ)ကိုအခြားနည်းများဖြင့်သင်ရရှိနိုင်ပါသည်။ ယင်းတို့တွင်အောက်ပါတို့ပါဝင်သည် –

- ကျန်းမာရေးကြည့်ရှုမှုလုပ်ငန်းအတွင်း ဆေးထိုးအပ်ဒဏ်ရာရခြင်း။ အသည်းရောင်ရောဂါ(ပိုးစီ)ကို လူဝန်းကျင်နေရာများ-ဥပမာ-ကွင်းပြင်ကစားကွင်းတွင်တွေ့ရသည့်အပ်မှကူးစက်နိုင်မှုသည်အလွန်အလွန်ပင်နည်းပါးလှပါသည်။
- ခန္ဓာကိုယ်ပေါ်၌ အနုအလှဆင်မှု (ထိုးကွင်း၊ အပေါက်ဖေါက်ခြင်း)ကိုပြုလုပ်စဉ်၊ ပိုးမကင်းသည့် ပစ္စည်းကရိယာကိုသုံးခြင်း။
- ကာကွယ်မှုမရှိဘဲ သွေးသို့မဟုတ် အရေပြားပြတ်စုတ်စေလျက်၊လိင်ဆက်ဆံလျှင် -ဥပမာ- စအိုမှလိင်ဆက်ဆံမှု နှင့်/သို့မဟုတ် အမျိုးသမီးရာသီသွေးလာချိန်၌ ကာကွယ်မှုမရှိဘဲ လိင်ဆက်ဆံမှု။ အခြားအချိန်များ၌ လိင်တံ-အမျိုးသမီးအင်္ဂါဇာတ် ဆက်ဆံ မှုကြောင့် ကူးစက်နိုင်မှုသည်အလွန်ပင်နည်းပါးပါသည်။
- အမွေးရိတ်ဓါး၊ သွားပွတ်တံနှင့် သွားကြားရှင်းကြိုးများကဲ့သို့သောတစ်ကိုယ်ရေ သန့်ရှင်းရေးပစ္စည်းများတွင် သွေးအစအန ရှိနိုင် သည့်အခါ သူများနှင့် အတူမျှသုံးခြင်း။
- ရောဂါပိုးရှိသည့် မိခင်ထံမှ သူမ၏ကလေးသို့ – ကိုယ်ဝန်ဆောင်စဉ် သို့မဟုတ် မွေးဖွါးချိန် ၌၊ ကူးစက်နိုင်ခြေ အနည်းငယ် ရှိပါသည်။မိခင်နို့ မှ ကူးစက်မှုမရှိသလောက်ဖြစ်ပါသည်။

ဩစတြေးလျားနိုင်ငံ၌ သင့်အနေဖြင့် သွေးသွင်းမှု သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်းအစားထိုးမှုမှတဆင့် အသည်းရောင်ရောဂါ(ပိုးစီ)ရနိုင် ခြေမရှိသလောက်ပါ။

လက်ဆွဲနှုတ်ဆက်ခြင်း၊နမ်းရှုပ်ခြင်း၊ သို့မဟုတ်ရေချိုးခန်း သို့မဟုတ်အိမ်သာအတူမျှသုံးခြင်း၊ စသည့်နေ့စဉ်လူမှုဆက်ဆံမှုများ သို့မဟုတ် သွေးလှူခြင်းတို့မှ အသည်းရောင်စီကို သင်မရရှိနိုင်ပါ။

## အသည်းရောင်ရောဂါ(ပိုးစီ)၏ လက္ခဏာ နှင့် ရောဂါအထောက်အထားများမှာ ဘာတွေလဲ၊

လူအများမှာ ပထမပိုင်းတွင်မည်သည့် လက္ခဏာမျှမရှိဘဲ၊အနည်းငယ်တုပ်ကွေးဖြစ်သည့်ပုံစံ နာမကျန်းမှုသာခံစားရသည်။ အချို့တို့တွင် သူတို့၏ ဆီးများအရောင်မဲရင့်လာပြီး၊ အသား နှင့် မျက်လုံး တို့ဝါလာပါသည် (အသားဝါ)။ အသည်းရောင်ရောဂါလက္ခဏာအထောက်အထားများသည်အပါတ်အနည်းငယ်အတွင်း ပပျောက်သွား နိုင်သော်လည်း၊ယင်း ရောဂါပိုးပါ ပပျောက်သွားပြီဟုမယူဆနိုင်ပါ။

# အသည်းရောင်ရောဂါ (ပိုးစီ)

အသည်းရောင်ရောဂါလက္ခဏာအထောက်အထားများ ရှိသူတိုင်း သင့်မိသားစုဆရာဝန် သို့မဟုတ်သွားလိုသူ ဆရာဝန်တစ်ဦးထံသွားတွေ့သင့်ပါသည်။အသည်းသည် ၆ လထက်ကျော်ပြီး 'ရောင်နေ' လျှင်၊ယင်းသို့နာမကျန်းဖြစ်မှုကိုနာတာရှည် သို့မဟုတ်ကာလကြာ အသည်းရောင် ရောဂါဟုခေါ်ပါသည်။

ကာလရှည် အသည်းရောင်ရောဂါ(ပိုးစီ)ရှိသူများ အောက်ပါလက္ခဏာအထောက်အထားများအပါအဝင်တို့ကိုခံစားရပါသည်။

- အနည်းငယ်မှ တရားလွန်မောပန်းခြင်း၊
- အဟာရပျက်ခြင်း၊
- နေမကောင်းဖြစ်ခြင်း နှင့် အော့အန်ခြင်း၊
- နံရိုးများအောက်အတွင်းနာကျင်ခြင်း၊
- ကိုယ်ပူခြင်း၊
- အဆစ်နာခြင်းများ၊

## ကျွန်ုပ်မှာ အသည်းရောင်စီရှိမရှိ ဘယ်လိုသိနိုင်သလဲ၊

သွေးစစ်မှုတစ်ခုဖြင့်သာ အသည်းရောင်ရောဂါ(ပိုးစီ) သင့်မှာ ရှိမရှိသိနိုင်ပါသည်။ အသည်းရောင်ရောဂါ(ပိုးစီ) ဗိုင်းရတ်ပိုး(ဟိတ်ချ်စီဗွီ) ကိုယ်ခံအားပြသည့် သွေးစစ်မှုတစ်ခုဖြင့် သင့်မှာတစ်ချိန်ချိန်က ပိုးကူးစက်မှု ရှိမရှိကိုပြနိုင်ပါသည်။ ထို့ကြောင့်သင့်စစ်ဆေးမှုကမရှိဟုပြ သည့်တိုင်အောင်၊ နောက် ၄ လမှ ၆ လ အတွင်း နောက်ထပ်တစ်ခါစစ် ဆေးရန်လိုအပ်ပါလိမ့်မည်။

ဟိတ်ချ်စီဗွီ ကိုယ်ခံအား စစ်ဆေးမှုဖြင့်သင်သည် ပိုးသယ်ဆောင်ထားသူဖြစ်နေပြီဟုတ်မဟုတ်မပြနိုင်ပါ။ ထို့ကြောင့်သင့်အဖြေကပိုးရှိကြောင်း ပြလျှင်၊ ဗိုင်းရတ်ပိုးသည် သင်၏သွေးအတွင်းရှိသေးကြောင်းဟုတ်မဟုတ်သိရန်နောက်ထပ်သွေးစစ်မှု(ဟိတ်ချ်စီဗွီ ပီစီအာ စစ်ဆေးမှု) လိုအပ် နိုင်ပါသည်။

သင့်မိသားစုဆရာဝန်၊သင်ရွေးချယ်သည့်ဆရာဝန သို့မဟုတ် ကျန်းမာရေးကြည့်ရှုသူဝန်ထမ်းတစ်ဦးထံ အသည်းရောင်စီစစ်ဆေးမှုအကြောင်း မေးပါ။

## အသည်းရောင်ရောဂါ(ပိုးစီ)ရောဂါရရှိဖို့နည်းအောင်ကျွန်ုပ်ဘာလုပ်ရမလဲ၊

အသည်းရောင်ရောဂါ(ပိုးစီ)ရောဂါအတွက် ကာကွယ်ဆေးမရှိပါ။

သို့သော်လည်း အသည်းရောင်ရောဂါ(ပိုးစီ)ရရှိနိုင်ခြေကို လျော့နည်းစေနိုင်သောနည်းလမ်းများ ရှိပါသည်။

- မူးယစ်ဆေးဝါး ဆေးမထိုးပါနှင့်၊ သင်လုပ်လျှင်- ဆေးထိုးအပ်များ၊ ဆေးထိုးပြွန်များ၊ အခံများ၊ ရေသို့မဟုတ် ဖွန်းများ အားဝေမျှ သုံးမှုကို အမြဲရှောင်ပါ၊ သူတစ်ပါးဆေးထိုးသည့်နေရာကို မကိုင်မီ၊ လက်ဆေးခြင်း သို့မဟုတ် ပိုးသတ်ဆေးဖြင့် သုတ်ခြင်းတို့ လုပ်ပါ။ အမြဲတမ်း သန့်ရှင်းသည့်ဆေးထိုးအပ်များနှင့် ထိုးပြွန်အသစ်စက်စက်တို့ကို သုံးပါ။ ယင်းတို့ကို ဆေးဆိုင်များ၊ ဆေးထိုး အပ် အလဲအလှယ်လုပ်သည့်နေရာများနှင့် ရုံးချိန်နောက်ပိုင်း နယ်ဒေသဆေးရုံများတွင် ရရှိနိုင်ပါသည်။
- အန္တရာယ်ကင်းလိင်ဆက်ဆံမှုကို လေ့ကျင့်ပါ- ကွန်ဒုံးသို့မဟုတ် ပါးစပ်အရည်ခံအကာများ နှင့် ရေအခြေခံသည့်ချောဆီကိုသုံး ပါ။ သင့်တွင် လင်ကြင်ဖော်ဘက်များများရှိလျှင်၊ စအိုမှဆက်ဆံမှု နှင့်/သို့မဟုတ် အမျိုးသမီးရာသီသွေးလာချိန်၌ လိင်ဆက် ဆံ လျှင် ရောဂါပိုးကူးခြေ ပိုမြင့်ပါသည်။
- ခန္ဓာကိုယ်ပေါ်၌ အနုအလှဆင်မှု (ထိုးကွင်း၊ အပေါက်ဖေါက်ခြင်း)ကိုပြုလုပ်ရန် မစဉ်းစားမီ၊ ယင်းပညာရှင်သည် ပိုးကင်းပြီးသား ပစ္စည်းကိရိယာနှင့် မှင်နှင့်အပ်အသစ်များကိုသာ အခါတိုင်းသုံးကြောင်းသေချာပါစေ။
- အမွေးရိတ်ဓါး၊ သွားပွတ်တံနှင့် သွားကြားရှင်းကြိုးများကဲ့သို့သော တစ်ကိုယ်ရေသန့်ရှင်းရေးပစ္စည်းများကို သူများနှင့်အတူမသုံးပါနှင့်၊
- ကျန်းမာရေးကြည့်ရှုသူဝန်ထမ်းများအနေဖြင့်အလုပ်တွင်းရှိရောဂါထိန်းသိမ်းမှုလုပ်ငန်းစဉ်များကိုအမြဲ ကျင့်သုံးပါ။

# အသည်းရောင်ရောဂါ (ပိုးစီ)

## ကျွန်ုပ်မှာ အသည်းရောင်ရောဂါ(ပိုးစီ)ရှိလျှင် ဘာလုပ်ရမလဲ၊

သင့်မိသားစုဆရာဝန်နှင့်အတူ သင့်ကိုယ်ကိုကြည့်ရှုရန် လုပ်ကိုင်ဖို့လိုအပ်ပါသည်။ အသည်းရောင်ရောဂါ(ပိုးစီ)အကြောင်းကောင်းစွာနားလည်ပြီး သင်သဘောကျသည့် ဆရာဝန်ရှိရန်သေချာစွာဆောင်ရွက်ပါ။

သင့်မှာ အသည်းရောင်ရောဂါ(ပိုးစီ)ရရှိပြီးဖြစ်သည်တိုင်အောင်အခြားအသည်းရောင်ရောဂါ(ပိုးစီ)ဗိုင်းရတ်ပိုး မျိုးမတူသည့် အမျိုးအစားကို လည်းကူးစက်ရရှိနိုင်ပါသေးသည်။ သင့်မှာဆေးကုပြီးဖြစ်သည်တိုင်အောင် နောက်ထပ်လည်း အသည်းရောင်ရောဂါ(ပိုးစီ) ရရှိနိုင်ပါသည်။ အသည်းရောင်ရောဂါ(ပိုးစီ)အတွက်သင့်ကိုယ်ကို သင်အမြဲကာကွယ်မှုပြုရပါလိမ့်မည်။

အခြားသူများကို အသည်းရောင်ရောဂါ(ပိုးစီ)မပြန့်ပွါးရန်သင်ကိုယ်တိုင်တာဝန်ယူရန်လည်း လိုအပ်ပါသည်။

အသည်းရောင်ရောဂါ(ပိုးအေ) နှင့် အသည်းရောင်ရောဂါ(ပိုးဘီ) ကဲ့သို့သောအခြားအသည်းရောဂါကူးစက်ပိုးများရရှိနိုင်ခြေအနည်းဆုံးဖြစ်ရန် သင်လုပ်ကိုင်ဖို့ လိုအပ်ပါသည်။ သင့်မိသားစုဆရာဝန် သို့မဟုတ် ရွေးထားသည့်ဆရာဝန်ကို အသည်းရောင်ရောဂါ(ပိုးအေ) နှင့် အသည်းရောင်ရောဂါ(ပိုးဘီ) ကာကွယ်ဆေး အကြောင်းမေးပါ။

## ကျွန်ုပ်ဘယ်လိုဆေးကုရမလဲ၊

အသည်းရောင်ရောဂါ(ပိုးစီ) အတွက်ကုသမှုရှိပါသည်။ ဆေးကုသမှုကြောင့် အသည်းရောင်ရောဂါ(ပိုးစီ)အမျိုးအစား ပေါ်တည်၍ လူ ၁၀ ယောက်တွင် ၈ ယောက်ခန့်ရောဂါပျောက်ကင်းသွားနိုင်ပါသည်။ကောင်းမွန်သောအစားအသောက်များ၊လုံလောက်စွာအိပ်စက်မှုနှင့်၊အရက်သေစာ၊ဆေးရွက်ကြီးဆေးလိပ်နှင့် အခြား မူးယစ်ဆေးဝါးများကို ရှောင်ကြဉ်ခြင်းတို့လည်းအရေးကြီးပါသည်။

## အသည်းရောင်ရောဂါ(ပိုးစီ)အတွက် အချက်အလက်ကို ဘယ်မှာ နောက်ထပ်ရနိုင်မလဲ၊

သင့်မိသားစုဆရာဝန် သို့မဟုတ် ရွေးထားသည့် ဆရာဝန်၊ သို့မဟုတ်

- သို့မဟုတ် **အသည်းရောင်ရောဂါ WA**
  - ☎ 9328 8538 (မြို့တွင်းဖုန်းခေါ်သူများအတွက်) သို့မဟုတ်
  - ☎ 1800 800 070 (နယ်စွန်ဖုန်းခေါ်သူများ - အခမဲ့ဖုန်းကို အိမ်ဖုန်းမှသာလျှင်ရရှိမည်)
- တိုက်ရိုက်ကျန်းမာရေး ဩစတြေးလျား (***healthdirect Australia)***
  - ☎ 1800 022 222
- **Sexual Health Helpline**
  - ☎ 9227 6178 (မြို့တွင်းဖုန်းခေါ်သူများအတွက်) သို့မဟုတ်
  - ☎ 1800 198 205 (နယ်စွန်ဖုန်းခေါ်သူများ - အခမဲ့ဖုန်း ပြော ခြင်း ကို အိမ်ဖုန်းမှသာလျှင်ရရှိမည်)

## အသည်းရောင်ရောဂါ အကြောင်း ပိုမိုသောအချက်အလက်များကို အင်တာနက်ပေါ်တွင် သင်ရှာတွေ့နိုင်ပါသည်-

www.hepatitiswa.com.au
www.hepatitisaustralia.com

မသန်စွမ်းချွတ်ယွင်းမှုရှိသူတစ်ဦးအတွက် ဤစာတမ်းကို
အခြားပုံစံဖြင့် တောင်းဆိုလျှင် ရှိနိုင်ပါသည်။

ကူးစက်တတ်သောရောဂါ ထိန်းချုပ်ရေး ညွှန်ကြားရေးမှူး ၊ ကျန်းမာရေးဌာန၊ အနောက်ဩစတြေးလျား 2013 မှထုတ်လုပ်သည်။

HP012470 FEB'13 BURMESE